## လူနေထူထပ်သည့် ပြည်သူလူထုနေထိုင်ရာနေရာများအား နေ့စဉ်လေကြောင်းဖြင့် ဦးတည်ဗုံးကြဲတိုက်ခိုက်သော အကြမ်းဖက်စစ်ကောင်စီ၏ ရာဇဝတ်မှု ကျူးလွန်သည့်လုပ်ရပ်များအပေါ် ကန့်ကွက်ရှုံ့ချခြင်း

## ထုတ်ပြန်ချက်အမှတ် (၀၃/၂၀၂၅)

ရက်စွဲ။ ။ ၁၃ရက်၊ ဩဂုတ်လ၊ ၂၀၂၅ ခုနှစ်

၁။ အကြမ်းဖက်စစ်ကောင်စီသည် တအာင်းတပ်မတော်- PSLF/TNLA ထိန်းချုပ်ထားသည့် မြို့နယ်များ ပြန်လည်ရရှိရေးနှင့် အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် လူနေထူထပ်သည့်မြို့တွင်းနှင့် ကျေးရွာများကို ရည်ရွယ်ချက်ရှိရှိ ဦးတည်ပြီး နေ့စဉ်မပြတ် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်နေသည်။ ၂၀၂၅ခုနှစ် ဇွန်လမှ ယနေ့ ထုတ်ပြန်သည့် အချိန်အထိ (၂) လကျော်အတွင်း တအာင်းတပ်မတော် - PSLF/ TNLA ထိန်းချုပ်ထားသည့် မိုးကုတ်၊ ကွတ်ခိုင်၊ သီပေါ၊ မိုင်းလုံ၊ မိုင်းငေါ့၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များတွင် ဗုံးကြဲတိုက်ခိုက်မှုများကြောင့် စစ်ဘေးရှောင်ပြည်သူနှင့် ကလေးငယ် ၁၃ ဦး အပါအဝင် အရပ်သားပြည်သူများ ၅၆ ဦး သေဆုံးခဲ့ရပြီး ကလေးငယ် ၈ ဦးအပါအဝင် ၁၃၆ ဦး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ထို့အပြင် ပြည်သူလူထု နေအိမ် ၂၁၈ အိမ်၊ စာသင်ကျောင်း ၈ ကျောင်း၊ သာသနာ့အဆောက်အဦး ၈ ခု၊ ဆေးရုံ ၃ ခု၊ ဟိုတယ် ၃ ခုနှင့် အခြားအဆောက်အဦး ၂၃ ခု ထိခိုက် ပျက်စီးခဲ့သည်။

၂။ အခြားတစ်ဖက်တွင် တရုတ်အစိုးရသည် အကြမ်းဖက်စစ်ကောင်စီနှင့်ပူးပေါင်းကာ ညီနောင်မဟာမိတ် အဖွဲ့ဝင်ဖြစ်သည့် တအာင်းတပ်မတော် - PSLF/TNLA မှ ထိန်းချုပ်ထားသောဒေသများ ပြန်လည်ပေးအပ်ရေးအတွက် နိုင်ငံရေးနှင့်စစ်ရေး ဖိအားပေးမှု၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များ ဖြတ်တောက်မှု၊ ကျန်းမာရေး ဆေးဝါးဖြတ်တောက်မှု၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဆက်သွယ်ရေး ဖြတ်တောက်မှု စသည့် နည်းလမ်းမျိုးစုံဖြင့် ဆက်တိုက်ဖိအားပေးလျှက်ရှိသည်။ ထို့အပြင် စစ်ကောင်စီအား ခေတ်မှီ စစ်လက်နက်ပစ္စည်းများ၊ နည်းပညာများ ထောက်ပံ့ပေးပြီး စစ်ကောင်စီ၏ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ် အပေါ်ကျူးလွန်သည့် နိုင်ငံတကာရာဇဝတ်မှုများအတွက် ပိုမိုအားဖြည့် ပေးလျှက်ရှိသည်။

၃။ ထို့ကြောင့် စစ်ကောင်စီ၏ အကြမ်းဖက်လုပ်ရပ်များ ရပ်တန့်နိုင်ရေးအတွက်အောက်ပါ အချက်များ ဖြင့် တောင်းဆိုလိုပါသည်။

(က) အကြမ်းဖက်စစ်ကောင်စီထံ လေယာဉ်ဆီအပါအဝင် ခေတ်မီသည့် စစ်လက်နက်ပစ္စည်းများ ပံ့ပိုးမှု ပေးနေသည့် နိုင်ငံများ၊ လုပ်ငန်းရှင်များ နှင့် အိမ်နီးချင်းနိုင်ငံများအားလုံး ချက်ချင်းရပ်တန့်ပေးရန်။

(ခ) စီးပွားရေးလမ်းကြောင်းဖြင့် အကြမ်းဖက်စစ်ကောင်စီအား ကူညီပံ့ပိုးပေးနေသည့် လုပ်ငန်းရှင် ခရိုနီများ နှင့် အကျိုးစီးပွားအရ လက်တွဲနေသည့် အခြားနိုင်ငံများကို စီးပွားရေးအရ ပိတ်ဆို့မှုများ ထိရောက်စွာ ဆောင်ရွက်ပေးရန်။

(ဂ) နိုင်ငံတကာမှ ချမှတ်ထားသည့် ဥပဒေများအား ပြောင်ပြောင်တင်းတင်းကျူးလွန် ချိုးဖောက်လျက် ရှိသော အကြမ်းဖက်စစ်ကောင်စီအား နိုင်ငံတကာရာဇဝတ်ခုံရုံးသို့ အမြန်ဆုံးအရေးယူနိုင်ရန်အတွက် ဖိအားပေး လုပ်ဆောင်ရန်။

(ဃ) စစ်ပဋိပက္ခကြောင့်ခံစားနေရသည့် ပြည်သူလူထုများအားလုံးအတွက် ထိရောက်သည့် လူသားချင်း စာနာထောက်ထားမှုအကူအညီများ ဆောင်ရွက်ပေးရန် ။

(င) မြန်မာနိုင်ငံ၏ အနာဂတ်ဖက်ဒရယ် ဒီမိုကရေစီတည်ဆောက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် သွားနိုင်ရေးအတွက် ဖက်ဒရယ်ယူနစ်များ၊ ဒေသန္တရအစိုးရအဖွဲ့များနှင့်အတူ အသိအမှတ်ပြု လက်တွဲ လုပ်ဆောင်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝန်းများအား မိမိတို့ တအာင်းအရပ်ဖက် အဖွဲ့အစည်းများကွန်ယက် - TCSN မှ တောင်းဆိုလိုက်သည်။

## ပူးတွဲထုတ်ပြန်သည့် အဖွဲ့များ

(၁) တအာင်းကျောင်းသားနှင့် လူငယ်များအဖွဲ့ (TSYU)

(၂) တအာင်းဥပဒေအထောက်အကူပြု ဖောင်ဒေရှင်း (TLAF)

(၃) တအာင်းအမျိုးသမီးအဖွဲ့အစည်း (TWO)

(၄) တအာင်းပညာရေးအင်စတီကျု (TEI)

(၅) တအာင်းကျန်းမာရေးအဖွဲ့အစည်း (THO)

(၆) တအာင်းသဘာဝပတ်ဝန်းကျင် စောင့်ကြည့်ရေးအဖွဲ့ (TEWG)

ပိုမိုသိရှိလိုပါက
ဆက်သွယ်ရန်
Signal +959 677 019 722
Signal +959 442 888 100